ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန

# အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်

အမှတ်၊ ၄ / ၂၀၁၉

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီ လ ၈ ရက်)

## လုပ်ငန်းမစတင်မီ နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံငွေများ ထိန်းသိမ်းထားရှိစဉ် ငွေလဲလှယ်မှုနှုန်းထား အပြောင်းအလဲကြောင့် ဖြစ်ပေါ်လာသော အမြတ် သို့မဟုတ် အရှုံးကို ဝင်ငွေခွန်စည်းကြပ်ရာတွင် ထည့်သွင်းတွက်ချက်ခြင်း ရှိ/မရှိ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (ဂ) အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံငွေများ ထိန်းသိမ်းထားရှိစဉ် ငွေလဲလှယ်မှုနှုန်းထား အပြောင်းအလဲကြောင့် ဖြစ်ပေါ်လာသော အမြတ် သို့မဟုတ် အရှုံးကို ဝင်ငွေခွန်စည်းကြပ်ရာတွင် ထည့်သွင်းတွက်ချက်ခြင်း ရှိ/မရှိ နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းကို ရှင်းလင်းစွာ သိရှိနိုင်စေရန်အတွက် အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်းဖြစ်ပါသည်။

### သက်ဆိုင်သည့်အကြောင်းအရာ

၂။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် လုပ်ငန်းမစတင်မီ အသုံးမပြုရသေးသော နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံငွေများ ထိန်းသိမ်းထားရှိသည့်အပေါ် ဝင်ငွေနှစ်တစ်နှစ် ကုန်ဆုံးပြီးချိန်တွင် ဖြစ်ပေါ်လာသော ငွေလဲလှယ်မှုနှုန်းထားအပြောင်းအလဲကြောင့် ဖြစ်ပေါ်ခဲ့သော အမြတ် သို့မဟုတ် အရှုံးကို ဝင်ငွေခွန်စည်းကြပ်ရာတွင် ထည့်သွင်းတွက်ချက်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မည်ကဲ့သို့အဓိပ္ပာယ်ဖွင့်ဆိုကြောင်း ရှင်းလင်းအသိပေးချက်ဖြစ်ပါသည်။

### အကျိုးသက်ရောက်သူများ

၃။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် ဝင်ငွေနှစ်တစ်နှစ် ကုန်ဆုံးပြီးချိန်တွင် လုပ်ငန်းမစတင်မီ အသုံးမပြုရသေးသော နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံငွေများ ထိန်းသိမ်းထားရှိစဉ် ငွေလဲလှယ်နှုန်းအပြောင်းအလဲကြောင့် ဖြစ်ပေါ်ခဲ့သော အမြတ် သို့မဟုတ် အရှုံးဖြစ်ပေါ်ခဲ့သူများအပေါ်တွင် အကျိုးသက်ရောက်စေပါသည်။

## သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်

၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (စ) “ ဝင်ငွေရရှိသည်ဆိုသည်မှာ ဝင်ငွေရရှိခြင်း၊ ဝင်ငွေရရှိသည်ဟု မှတ်ယူခြင်း၊ ဝင်ငွေဖြစ်ထွန်းပေါ်ပေါက်ခြင်း သို့မဟုတ် ဝင်ငွေဖြစ်ထွန်းပေါ်ပေါက်သည်ဟု မှတ်ယူခြင်းတို့ကို ဆိုသည်။ ” ဟူ၍ ပြဋ္ဌာန်းထားပါသည်။

## လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်

၅။ လုပ်ငန်းများ စတင်ခြင်းမရှိသေးမီ နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံငွေများကို ဘဏ်စာရင်းတွင် ထိန်းသိမ်းထားရှိစဉ် ငွေလဲလှယ်မှုနှုန်းထားပြောင်းလဲမှုကြောင့် အမြတ်ပေါ်ပေါက်ခြင်းသည် ဝင်ငွေအမှန်တကယ် ဖြစ်ထွန်းပေါ်ပေါက်ခြင်း မဟုတ်ပါ။ သို့ဖြစ်ပါ၍ ငွေလဲလှယ်နှုန်းထားပြောင်းလဲမှုကြောင့် အမြတ် သို့မဟုတ် အရှုံးဖြစ်ပေါ်ခြင်းတို့ကို ဝင်ငွေနှစ်တစ်နှစ်ကုန်ဆုံးချိန် ဝင်ငွေတွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်၍ စည်းကြပ်ခြင်း သို့မဟုတ် ခုနှိမ်၍ဆောင်ရွက်ရန် မလိုအပ်သဖြင့် ဝင်ငွေခွန်ကျသင့်ခြင်း မရှိပါ။

### နမူနာဖြစ်စဉ် (၁)

‘A’ ကုမ္ပဏီသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကို ရင်းနှီးမြှုပ်နှံရန် ‘B’ အမည်ရှိဘဏ်တစ်ခုတွင် အပ်နှံခဲ့ပါသည်။ ထိုနေ့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည့် ငွေလဲလှယ်နှုန်းမှာ ၁ ဒေါ်လာ = ၁၂၀၀ ကျပ် ဖြစ်ပါသည်။ ကုမ္ပဏီသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းစတင်ဆောင်ရွက်ခြင်းမရှိခဲ့ပါ။ ဘဏ္ဍာနှစ်ကုန်ဆုံးချိန် ၃၁-၃-၂၀၁၉ ရက်နေ့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည့် ငွေလဲလှယ်နှုန်းမှာ ၁ ဒေါ်လာ = ၁၄၀၀ ကျပ်ဖြစ်ပါသည်။

| | | |
|---|---|---|
| ၃၀-၄-၂၀၁၈ ရက်နေ့ရှိ အမေရိကန်ဒေါ်လာ | ၅၀၀၀၀ × ၁၂၀၀ ကျပ် = | ၆၀,၀၀၀,၀၀၀ |
| ၃၁-၃-၂၀၁၉ ရက်နေ့ရှိ အမေရိကန်ဒေါ်လာ | ၅၀၀၀၀ × ၁၄၀၀ ကျပ် = | ၇၀,၀၀၀,၀၀၀ |
| အမြတ်ပေါ်ပေါက်ငွေ | = | ၁၀,၀၀၀,၀၀၀ |

‘A’ ကုမ္ပဏီသည် နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံငွေများ ထိန်းသိမ်းထားရှိစဉ် ငွေလဲလှယ်မှုနှုန်းအပြောင်းအလဲကြောင့် ဖြစ်ပေါ်လာသော အမြတ်ငွေကို ဝင်ငွေခွန်စည်းကြပ်ရာတွင် ထည့်သွင်းတွက်ချက်ရန် မလိုပါ။

### နမူနာဖြစ်စဉ် (၂)

‘C’ ကုမ္ပဏီသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကို ရင်းနှီးမြှုပ်နှံရာ ‘D’ အမည်ရှိ ဘဏ်တစ်ခုတွင် အပ်နှံခဲ့ပါသည်။ (ယင်းနေ့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည့် ငွေလဲလှယ်နှုန်းမှာ ၁ ဒေါ်လာ = ၁၂၀၀ ကျပ် ဖြစ်ပါသည်။)

'C' ကုမ္ပဏီသည် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် 'D' အမည်ရှိ ဘဏ်မှ ရင်းနှီးမြှုပ်နှံရန် အပ်နှံထားသည့် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကိုပြန်လည်ထုတ်ယူခဲ့ပါသည်။ (ယင်းနေ့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည့် ငွေလဲလှယ်နှုန်းမှာ ၁ ဒေါ်လာ = ၁၁၅၀ ကျပ် ဖြစ်ပါသည်။)

| | |
|---|---|
| ၃၀-၄-၂၀၁၈ ရက်နေ့ရှိ အမေရိကန်ဒေါ်လာ | ၅၀၀၀၀ × ၁၂၀၀ ကျပ် = ၆၀,၀၀၀,၀၀၀ |
| ၂၀-၆-၂၀၁၈ ရက်နေ့ရှိ အမေရိကန်ဒေါ်လာ | ၅၀၀၀၀ × ၁၁၅၀ ကျပ် = ၅၇,၅၀၀,၀၀၀ |
| အရှုံးပေါ်ပေါက်ငွေ | = ၂,၅၀၀,၀၀၀ |

'C' ကုမ္ပဏီသည် နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံငွေများ ထိန်းသိမ်းထားရှိစဉ် ငွေလဲလှယ်မှုနှုန်း အပြောင်းအလဲကြောင့် ဖြစ်ပေါ်လာသော အရှုံးငွေကို ဝင်ငွေခွန်စည်းကြပ်ရာတွင် ထည့်သွင်းတွက်ချက်ရန် မလိုပါ။

၆။ ဤအမိန့်ကြော်ငြာစာ ရှင်းလင်းဖွင့်ဆိုချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်ပါသည်။

( မင်းထွဋ် )

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၂)/ ဥစ- ၁/ ပတခ/ ၂၀၁၉ (၃၈၉၉)
ရက် စွဲ၊ ၂၀၁၉ ခုနှစ် ဧပြီ လ ၈ ရက်

**<u>ဖြန့်ဝေခြင်း</u>**

မြန်မာနိုင်ငံစာရင်းကောင်စီ
ညွှန်ကြားရေးမှူးချုပ်၊ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် (အားလုံး)
ဌာနခွဲညွှန်ကြားရေးမှူး (အားလုံး)
ဌာနမှူး၊အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး
ဌာနမှူး၊အလတ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊(၂)၊ (၃)၊ (၄)
တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူး (အားလုံး)
ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး
} သက်ဆိုင်ရာအခွန်ထမ်းများကိုအသိပေးရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်။

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ